သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်

## လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ တခုလို့ ပြောလို့ ရပါတယ်  ကိုပေါက် (မဇ္ဈိမ)

(မဇ္ဈိမ အယ်ဒီတာ ဦးစိန်ဝင်းနှင့် အင်တာဗျူး)

တနင်္ဂနွေနေ့ ကြားဖြတ် ရွေးကောက်ပွဲမှာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ကိုယ်တိုင် မျှော်လင့်ထားသည်ထက်ပင် အနိုင်ရခဲ့သည်ကို တွေ့ရ၏။ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် NLD လွှတ်တော် ကိုယ်စားလှယ်များ နေပြည်တော် လွှတ်တော်ထဲသို့ ဝင်ရောက်လာတော့မှာ ဖြစ်သည်။

ဤသည်မှနေ၍ မြန်မာ့နိုင်ငံရေးတွင် အခြားသော အကျိုးသက်ရောက်မှုများ ရှိလာပေဦးမည်။ အနောက်နိုင်ငံများ၏ စီးပွားရေး ဒဏ်ခတ် ပိတ်ဆို့မှုများ၊ လွှတ်တော်တွင်း အတိုက်အခံပုံစံ၊ NLD ၏ အခန်းကဏ္ဍ စသည်တို့ကို သုံးသပ်ပေးရန်အတွက် ရန်ကုန်မြို့ရှိ မဇ္ဈိမ၏ စီမံခန့်ခွဲမှု အယ်ဒီတာ ဦးစိန်ဝင်း အား မဇ္ဈိမ သတင်းထောက် ကိုပေါက် က ဆက်သွယ်မေးမြန်းထားသည်။

မေး။ □□။ ပြည်ပမှာ အတော်ကြီး အနေကြာလာခဲ့တဲ့ ဂျာနယ်လစ် တယောက်အနေနဲ့ အခုဆို ရန်ကုန်မြို့ကို ပြန်လည် အခြေချ ရပ်တည်နေပြီလည်း ဖြစ်တော့ကာ ဒီကနေ့ တိုင်းပြည်ရဲ့ အပြောင်းအလဲ အပေါ်မှာ NLD က ဘယ်အခန်းကဏ္ဍကနေ ပါဝင်လာနိုင်မယ်လို့ ခန့်မှန်းရလဲခင်ဗျ။

NLD အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှု အောက်မှာ လူကြိုက်များတဲ့ ပါတီတခုအဖြစ် ဆက်လက် ရပ်တည်နေဦးမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ မတိုင်မီ ကြားကာလမှာ အခြေခံ ဥပဒေ ပြုပြင်ပြောင်းလဲရေးလို အခြေခံကျကျ ပြောင်းလဲမှုလိုဟာမျိုး လုပ်ဖို့ အင်မတန် ခဲယဉ်းမှာဖြစ်ပေမယ့် ဒီကြားဖြတ် ရွေးကောက်ပွဲမှာ မဲအပြတ်အသတ်နဲ့ နိုင်လိုက်တာဟာ ပြည်သူအများစု (အထူးသဖြင့် အောက်ခြေလူထု)ရဲ့ □ပြုပြင်ပြောင်းလဲစေချင်တဲ့ အလွန်ကို မျှော်လင့်ထားတာကို ဆက်လက်ရှင်သန်နေဦးမှာ ဖြစ်ပါတယ်။ ခေတ်ကာလနဲ့ မဆီလျော်တော့တဲ့ ဥပဒေတွေပြင်နိုင်ရေး၊ ပြည်သူတွေရဲ့ လတ်တလော လိုအပ်ချက်တွေ အစိုးရအနေနဲ့ ဖြည့်ဆည်း လုပ်ဆောင်ပေးနိုင်ရေး လွှတ်တော်အတွင်းမှာ တောင်းဆိုလာနိုင်ပြီး လွှတ်တော်ရဲ့ အခန်းကဏ္ဍကို ပိုပြီး မြိုင်မြိုင်ဆိုင်ဆိုင် တွေ့လာရနိုင်ပြီး၊ နောက် အားကိုးရတဲ့ တရားစီရင်ရေး မဏ္ဍိုင် ဖြစ်လာရေး လုပ်ဆောင်မှုတွေ တွေ့လာရနိုင်ပါတယ်။ NLD ဟာ အတိုက်အခံတွေရဲ့ မျက်နှာစာအဖြစ် ဆက်လက် အရေးပါနေဦးမှာ ဖြစ်ပါတယ်။

မေး။ □□။ အခု ရွေးကောက်ပွဲ မဲတွေဟာ မဲဆန္ဒရှင်တွေ ရေ့မှောက်မှာပဲ မဲရေတွက်မှုပြုတာ ကြည့်ခြင်းအားဖြင့် လွတ်လပ်မျှတတယ်လို့ ပြောနိုင်မလား။ ဒါမှမဟုတ် အဲလိုပြောဖို့ စောနေသေးလားဗျ။

မဲဆွယ် စည်းရုံးစဉ် ကာလကနေ မဲပေးတဲ့နေ့၊ အခုလက်ရှိ အချိန်မဲရေတွက်မှု တွေအထိ ကြည့်လို့ရှိရင် ၁၀၀ ရာခိုင်နှုန်းအပြည့် လွတ်လပ်ပြီး တရားမျှတတယ်လို့ ပြောရင် အငြင်းပွားဖွယ်ရာ ဖြစ်နိုင်ပေမယ့် ဒီရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတခုလို့ ပြောလို့ရပါတယ်။ သို့ပေမယ့် မဲရလဒ် စာရင်းတွေကို ရွေးကောက်ပွဲ ကော်မရှင်က မကြေညာသေးတော့ အငြင်းပွားဖွယ်ရာတွေ ဖြစ်ပေါ်လာမလား ဆိုတဲ့ စိုးရိမ်မှုကိုတော့ ထုတ်ပယ်လို့ မရနိုင်သေးဘူး ထင်တယ်။

မေး။ □□။ အခုရွေးကောက်ပွဲဟာ အနောက်နိုင်ငံတွေရဲ့ ကျန်ရှိနေသေးတဲ့ အရေးယူ ပိတ်ဆို့ထားသေးတာတွေကို ရုတ်သိမ်းဖို့အတွက် လုံလောက်ပြီလို့ ယူဆလား။ ဒီ ဆန်ရှင်ရုတ်ရေး ကိစ္စနဲ့ပတ်သက်ပြီး နောက်လာမယ့် ရက်သတ္တပါတ်တွေအတွင်းမှာ ဘယ်လို လှုပ်ရှားပြောင်းလဲမှုတွေ ဖြစ်လာနိုင်ဖွယ် ရှိတယ်ဆိုတာ ပြောပြပေးနိုင်မလား။

အနောက်နိုင်ငံတွေလို့ ဆိုရာမှာ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေရဲ့ အရေးယူ ပိတ်ဆို့ထားမှုတွေကို ခွဲပြောတာ

ပိုသင့်တော်မယ်ထင်ပါတယ်။ သို့ပေမယ့်လည်း အကြမ်းမျဉ်းအားဖြင့် သူတို့က စဉ်းစားရာမှာ အခု ရွေးကောက်ပွဲမှာတင် လွတ်လပ်ပြီး တရားမျှတမှုရှိ၊ မရှိကိုသာမကဘဲ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် အထောက်အကူပြုတဲ့ အင်စတီကျူးရှင်းတွေ ခိုင်မာမှုရှိအောင် အစိုးရကနေ လုပ်ဆောင်မှုတွေကိုပါ ထည့်သွင်း စဉ်းစားမယ် ထင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကျင်းပတယ်လို့ အသိအမှတ်ပြု ခံရခြင်းအားဖြင့် ပိတ်ဆို့အရေးယူမှုတွေ ရုတ်သိမ်းဖို့ ပိုအားကောင်းလာတယ်လို့ ပြောလို့ရမယ် ထင်ပါတယ်။ အစိုးရက ဒီမိုကရေစီကို တဖြည်းဖြည်းချင်း သွားသလို ဆန်ရှင်ချမှတ်ထားသူတွေကလည်း တဖြည်းဖြည်းချင်း ရုတ်သိမ်းသွားမယ်လို့ ထင်ပါတယ်။

အစိုးရအနေနဲ့ ပိတ်ဆို့အရေးယူမှုတွေကို ဖယ်ရှားစေချင်မှာ အမှန်ပါပဲ။ အနောက်နိုင်ငံတွေက တုံ့ပြန်မှုကို သူတို့အနေနဲ့ အားမရရင်ဖြင့် ပိတ်ဆို့အရေးယူမှုတွေ ဖယ်ရှားရေး တောင်းဆိုမှုတွေ ဖြစ်လာအောင် ဆောင်ရွက်မှုတွေ ပြန်လည် လုပ်ဆောင်လာနိုင်ပါတယ်။

မေး။ □□။ ဒီကနေ့ ရန်ကုန်ကနေ ကြည့်ရရင် အစိုးရမီဒီယာတွေနဲ့ ပုဂ္ဂလိကမီဒီယာတွေရဲ့ ရွေးကောက်ပွဲအပေါ် တင်ပြမှု၊ သုံးသပ်မှု အခြေအနေတွေ ဘယ်လိုတွေ့ရလဲဗျ။

အစိုးရပိုင် မီဒီယာကတော့ စတာလင်ခေတ်က ဝါဒဖြန့်ပုံစံလို ခေတ်ဟောင်းက ပုံစံအတိုင်း ဆက်လက် သွားနေတုံးပဲလို့ ပြောရမှာပဲ။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး သတင်းတင်ဆက်မှုတောင် မတွေ့ရတော့ အစိုးရမီဒီယာတွေကိုပဲ ဖတ်ရှုနေရင် ကြားဖြတ်ရွေးကောက်ပွဲ ရှိတယ်လို့တောင် သိမယ်မထင်ဘူး။ □ပုဂ္ဂလိက မီဒီယာတွေကတော့ မျှော်လင့်ထားတာထက်တောင် ပိုလုပ်ဆောင်နိုင်တာ တွေ့လာရပါတယ်။ သတင်းတိုက်ကြီးတွေဆိုရင် မဲဆန္ဒနယ်တိုင်းကို သတင်းထောက်တွေ လွှတ်ပြီး မဲရေတွက်မှုကိုပါ စောင့်ကြည့်လာနိုင်ကြတာဖြင့် အရင်တုံးက တခါတုံးကမှ အခုလောက် မလုပ်နိုင်ဘူးလို့ ပြောရမှာဖြစ်ပါတယ်။ တဖက်ကလည်း ရွေးကောက်ပွဲ သတင်းတင်ဆက်မှု အတွေ့အကြုံ နည်းနေသေးတာရယ်၊ လူ့အရင်းအမြစ်နဲ့ ဈေးကွက်အပိုင်းနဲ့ ခနအင်အား၊ သတင်း သိရှိရယူနိုင်ခွင့်၊ အစိုးရဘက်က သတင်းထုတ်ပြန်မှု ယန္တရားတွေရဲ့ အားနည်းမှုတွေကလည်း သတင်းတိုက်တွေအနေနဲ့ နိုက်နိုက်ချွတ်ချွတ် သတင်းပေးပို့နိုင်မှုမှာ အားနည်းနေသေးတာကို တွေ့ရပါတယ်။

မေး။ □□။ ခုလက်ရှိ ရလဒ်တွေအရဆို NLD က ပါလီမန်ထဲမှာ ၆% လောက်ပဲ ရနိုင်ခြေရှိတော့ လွှတ်တော်ထဲမှာ NLD နဲ့ဒေါ်စုကို ဝန်းရံမယ့် အားကောင်းတဲ့ ညွန့်ပေါင်း အတိုက်အခံမျိုး၊ ဒါမှမဟုတ် ပါလီမန်တွင်း အတိုက်အခံတွေဟာ ဒီလိုပဲအကွဲကွဲအပြားပြား ဆက်ဖြစ်နေဦးမယ်လို့ ထင်လားဗျ။

လွှတ်တော်အတွင်း မဟာမိတ်အဖွဲ့တွေပေါင်းစည်းမှု၊ အားကောင်းဟာ ကြိုးစားမှုဟာ လွှတ်တော်အတွင်း ပါဝင် လုပ်ဆောင်ရင်း မလုပ်ချင်လည်း မရအောင် တွန်းအားပေးတဲ့ အကြောင်းတွေ ပေါ်လာလို့၊ မက်လုံးတွေ ပေါ်လာလို့ ဖြစ်ပေါ် လာတတ်တာ ဖြစ်တဲ့အတွက် □အစိုးရ ပါတီကရော၊ အတိုက်အခံ ပါတီကပါ ကျန်ပါတီတွေနဲ့ ရနိုင်သလောက် ဆွဲထည့်ပြီး ညွန့်ပေါင်း ဖွဲ့လာတာကို မြင်ရလာနိုင်ပါတယ်။ လွှတ်တော်တွင်း မဟာမိတ် ဘယ်လောက်ပြုနိုင်မလဲဆိုတာ အာဏာနိုင်ငံရေးမှာ အရေးပါတဲ့ အချက်တခုဖြစ်မယ် ထင်ပါတယ်။

NLD ထောက်ခံသူများ ရွေးကောက်ပွဲ အောင်နိုင်မှု ဆင်နွှဲ

ယှဉ်ပြိုင်ရာ ၄၄ နေရာလုံး NLD နိုင်ပြီဟုဆို

မဇ္ဈိမသတင်းဌာန
| တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၂၂ နာရီ ၄၅ မိနစ်

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြီးစီးသွားသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ မဲဆန္ဒနယ် ၄၄ နေရာလုံးတွင် အနိုင်ရရှိသွားကြောင်း NLD ရုံးချုပ်မှ သိရသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်တွင် ယှဉ်ပြိုင်နေသော အဆိုတော် ဇေယျာသော် အနိုင်ရရှိကြောင်း နောက်ဆုံး သိရပြီးနောက် ၄၄ နေရာလုံး အနိုင်ရရှိသည်ဟု ဆိုနိုင်ခြင်းဖြစ်သည်။



ရန်ကုန် မြို့ ဗဟန်းမြို့နယ် အမျိုးသား ဒီမိုကရေစီ ရုံးချုပ်ရှေ့ မဲစရင်း လာ ကြည့်ကြသော ပြည်သူလူထု။ ဓာတ်ပုံ - မင်းမင်းဦး/မဇ္ဈိမ

၄၄ နေရာအနက် ၃၈ နေရာမှာ မဲရေတွက်ပြီးဖြစ်ကာ ကျန် ၆ နေရာတွင် မဲရေတွက်ဆဲဖြစ်သော်လည်း NLD ကိုယ်စားလှယ်လောင်းများက ပြိုင်ဘက်များအား မဲအရေအတွက် အများအပြား အသာဖြင့် ဦးဆောင်ပြီး သေချာနေသည့်အတွက် ၎င်းတို့ အနိုင်ရရှိပြီးဖြစ်ကြောင်း ရုံးချုပ်သို့ ဖုန်းဖြင့် သတင်းပို့လာသဖြင့် ယခုကဲ့သို့ ယှဉ်ပြိုင်နေရာအားလုံး အနိုင်ရရှိသည်ဟု ဆိုနိုင်ခြင်းဖြစ်သည်။

တနလ်ာနေ့ နံက်နက်တွင် မဲအနိုင်ရရှိမှု အသေးစိတ်စာရင်းကို NLD မှ ထုတ်ပြန်ကြေညာမည် ဖြစ်ကြောင်း သိရသည်။

သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်



[illegible]

## ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနေ့ သတင်းများ

သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်



သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်



[illegible]

သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်





သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်



# ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲနေ့ သတင်းများ

သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်






အမေစုကိုချစ်တယ်
MIZZIMA



သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်




[illegible] nldsta.jpg [illegible]

သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်



သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်




ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

[illegible]

သတင်းရင်းမြစ် > thant
တနင်္ဂနွေနေ့၊ ဧပြီလ ၀၁ ရက် ၂၀၁၂ ခုနှစ် ၀၉ နာရီ ၀၇ မိနစ်

